**CHIN NATIONAL FRONT**
**General Headquarters**
**Chinland**
**Website:** www.cnfhqr.com **Email:** cnf.headquarters@gmail.com

# ချင်းအမျိုးသားတပ်ဦး
## ထုတ်ပြန်ကြေညာချက်
## ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်

အချုပ်အခြာအာဏာ မူလပိုင်ရှင်ဖြစ်သော ပြည်သူနှင့် ပြည်သူ့ဆန္ဒကိုဆန့်ကျင်ပြီး စစ်အုပ်စုအကျိုးစီးပွားအတွက် မင်းအောင်လှိုင်ဦးဆောင်သော အကြမ်းဖက်စစ်တပ်၏ စစ်အာဏာသိမ်းမှုမှာ ယနေ့တွင် (၅) နှစ်တင်းတင်း ပြည့်မြောက်ပြီဖြစ်သည်။

အကြမ်းဖက်စစ်အုပ်စု၏ (၅) နှစ်တာကာလ စွမ်းဆောင်ရည်ကို အနှစ်ချုပ်ကြည့်ပါက - မတရားစစ်အာဏာသိမ်းမှုကို ဆန့်ကျင်သည့် ပြည်သူ (၇,၀၀၀) ကျော်ကို ဖမ်းဆီးနှိပ်စက်ညှဉ်းပမ်းပြီး သတ်ဖြတ်ခဲ့သည်။ စစ်ရေးပစ်မှတ်မဟုတ်သော ဆေးရုံ၊ စာသင်ကျောင်း၊ ဘာသာရေးအဆောက်ဦးနှင့် လူနေအိမ်များကို ဗုံးကြဲတိုက်ခိုက်ခဲ့ပြီး အပြစ်မဲ့ ကလေးသူငယ်၊ အမျိုးသမီးနှင့် အရပ်သားပြည်သူ (၄,၀၀၀) ကျော် အသက်ဆုံးရှုံးခဲ့ကြသည်။ ပြည်သူ့အိုးအိမ် (၁၂၀,၀၀၀) ကျော်ကို မီးရှို့ဖျက်ဆီးခဲ့ပြီး ပြည်သူ သိန်းပေါင်း (၄၀) နီးပါး နေရပ်စွန့်ခွာ ပုန်းရှောင်နေထိုင်နေကြရသည်။ စစ်အာဏာမသိမ်းမီက ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အမြန်ဆုံးသောနိုင်ငံများစာရင်းဝင် ဖြစ်ခဲ့ရာမှ ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံများစာရင်းထိပ်တန်းဝင် ဖြစ်လာသည်။ အာဆီယံနှင့် ကမ္ဘာ့မျက်နှာစာတွင် ဘောင်တန်းမဝင်တော့ဘဲ အာဏာရှင်နိုင်ငံအချို့၏ အကျိုးစီးပွားအတွက် စိတ်ကြိုက်ချယ်လှယ်အသုံးချခံဘဝသို့ ကျရောက်နေသည်။

အကြမ်းဖက်စစ်အုပ်စုမှ နိုင်ငံရေးထွက်ပေါက် ရလိုရငြား နှစ်ရှည်လများ ကြိုတင်ပြင်ဆင်၍ ရွေးကောက်ပွဲကို အပိုင်း (၃) ပိုင်းခွဲ၍ ကျင်းပခဲ့ရာသည်။ လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲစံချိန်စံညွှန်းများ မပြည့်မီသည့် အတုယောင်ရွေးကောက်ပွဲမှာလည်း အကြမ်းဖက်စစ်အုပ်စု၏ အကြပ်ကိုင်ခြိမ်းခြောက်ခံ နီးရာဓါးကြောက်နေရသည့် လူနည်းစုကလွဲ၍ သန်းပေါင်းများစွာသော ပြည်သူအများစုက သပိတ်မှောက်ကာ မဲပေးခြင်းမပြုခဲ့သည်မှာ ပြည်သူ့ဆန္ဒအမှန်ကို ထုတ်ဖော်ပြသခြင်းဖြစ်သည်။

Chin National Front – General Headquarters, Chinland

ယနေ့အထိ နေ့စဉ်ရက်ဆက် အကြမ်းဖက်စစ်အုပ်စုမှ အကြမ်းဖက်မှု နည်းလမ်းပေါင်းစုံဖြင့် ပြည်သူကို ဖိနှိပ်သတ်ဖြတ်နေသော်လည်း ပြည်သူ့ထောက်ပံ့မှုဖြင့် ဆင်နွှဲလျက်ရှိသည့် ခုခံတော်လှန်တိုက်ပွဲများ ပိုမိုအားကောင်းလာနေသည်မှာ ပြည်သူတရပ်လုံး၏ စစ်အာဏာရှင်စနစ် အမြစ်ပြုတ်ရေးသံန္နိဋ္ဌာန် မည်မျှပြင်းပြကြောင်း အထင်းသားပေါ်လွင်နေပါသည်။

ပြည်သူ့တော်လှန်ရေးကာလအတွင်း အကြမ်းဖက်စစ်တပ်၏ အကြမ်းဖက်မှုကြောင့် အသက်အိုးအိမ်စည်းစိမ် ပျက်စီးရှုံးဆုံးခဲ့ရသော ပြည်သူအပေါင်းနှင့် ထပ်တူထပ်မျှ နာကြည်းဝမ်းနည်းရပါသည်။ မတရားမှုကို ဆန့်ကျင်တော်လှန်ရင်း မြင့်မြတ်စွာ ကျဆုံးခဲ့ကြကုန်သော ရဲဘော်နှင့် ပြည်သူအားလုံးကို လေးစားဦးညွှတ်ဂုဏ်ပြုပါသည်။

ချင်းအမျိုးသားတပ်ဦးသည် ချင်းပြည်သူများ၊ ချင်းတော်လှန်ရေးအင်အားစုများနှင့် လက်တွဲပြီး ချင်းအမျိုးသားတည်ဆောက်ရေး၊ ချင်းပြည်တည်ဆောက်ရေးနှင့် ချင်းပြည်နယ်နိမိတ်စုစည်းကာကွယ်ရေးအတွက် တစိုက်မတ်မတ် ဆောင်ရွက်သွားမည်ဖြစ်ပြီး ဘုံရည်မှန်းချက်တူ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ၊ တော်လှန်ရေးအင်အားစုများနှင့် လက်တွဲကာ စစ်အာဏာရှင်စနစ် အမြစ်ပြုတ်ရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သည်။

ပြည်သူများ၏ ကြံ့ကြံ့ခိုင်အားပေးထောက်ခံမှုနှင့် တော်လှန်ရေးအင်အားစုများ၏ ညီညွတ်စုပေါင်းအားဖြင့် ဤပြည်သူ့တော်လှန်ရေး အောင်ပွဲဆီသို့ အတူတကွ ချီတက်ကြပါစို့ဟု တိုက်တွန်းနှိုးဆော်အပ်ပါသည်။

Chin National Front – General Headquarters, Chinland